မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 10/Issue 7 / July / 2017*

## B.C.F. 2017, July Events

**July 2017**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

www.theprintablecalendar.com

7/ 02 / 2017 …. Holy Communion
~~~~~~~~~~~~~~~
7/ 9 / 2017…. Regular Sunday Service
~~~~~~~~~~~~~~~
7/ 16 / 2017… Regular Sunday Service
~~~~~~~~~~~~~~~
7/ 23 / 2017 … Regular Sunday Service
~~~~~~~~~~~~~~~
7/ 30 / 2017 … BCF Youth Annual Service
~~~~~~~~~~~~~~~

*Every Service on Sunday 2:00PM*
*At 1337 Farmstead Ave. La Puente, CA 91745*

# လွတ်လပ်ခြင်း နှင့် မှီခိုခြင်း

**ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။**
**အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ .. ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှု ကိုမျှ မတတ်နိုင်ကြ။ ယော၁၅း၅**

အမေရိကန်ပြည်ထောင်စုတွင် fourth of July ခေါ် လွတ်လပ်ရေးနေ့သည် အစိုးရရုံး ပိတ်ရက်ဖြစ်ရာ မြို့တိုင်းတွင် အမျိုးသားရေး အခမ်းအနားများ ကျင်းပခြင်း၊ ပျော်ပွဲစား ထွက်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ စီတန်း လှည့်လည်ခြင်း၊ ပင်လယ်ကမ်းခြေ တစ်လျှောက် လူများစွာ ပြည့်လျှံခြင်း၊ အိမ်အပြင်၌ အသားကင်များကို ဝိုင်းဖွဲ့ပြုလုပ် စားသောက်ခြင်း စသည်ဖြင့် ပျော်ပွဲများ ဆင်နွှဲသည်။

အကြောင်းမှာ အမေရိကန် ကိုလိုနီနယ် ၁၃ နယ်က လွတ်လပ်ရေးရကြောင်း တရားဝင်ကြေညာ ခဲ့သည့် ၁၇၇၆၊ ဇူလိုင် ၄ ရက်ကို ပြန်လည် အမှတ်ရခြင်း အထိမ်းအမှတ် ဖြစ်သည်။

လွတ်လပ်ရေး 'independence ' ၏ အဓိပ္ပာယ်မှာ ချုပ်နှောင်လွှမ်းမိုးမှုအောက်၊ ကူညီထောက်ပံ့မှုအောက်မှ လွတ်မြောက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆယ်ကျော်သက်များက ကိုယ်ပိုင် လွတ်လပ်ခွင့် အကြောင်းပြောခြင်းက အံ့ဩစရာမဟုတ် သလို၊ အရွယ်ရောက်သူများ ကလည်း မိမိဘဝဖူလုံပြီး အမှီအခို ကင်းစွာ နေနိုင်စားနိုင်ရေး ရည်ရွယ်ချက်များရှိခြင်း သည်လည်း အဆန်းမဟုတ်ပါ။ ထို့အတူ အငြိမ်းစားပင်စင်စားများကလည်း ကိုယ်ပိုင် ရပ်တည်အသက်ရှင်နိုင်သည့် သူတို့၏လက်ရှိ ဘဝကို ဆက်လက် ထိန်းသိမ်းချင်ကြသည်။ စစ်မှန်သော လွတ်လပ်ခြင်းကို အမှန်တကယ် ရနိုင်မရနိုင်ဆိုသည့်အချက်ကို နောက်မှ ဆွေးနွေးနိုင်ပြားလည်း လွတ်လပ်ခြင်းသည် ကောင်းသောအရာဖြစ်သည်ကို ငြင်း၍ မရပါ။

နိုင်ငံရေးအချုပ်အနှောင်မှကင်းလွတ်ခြင်း၊ ကိုယ်ပိုင်လွတ်လပ်မှုကို မက်မော ခြင်းသည် ကောင်းသောအချက်ဖြစ်သည်။ ဝိညာဉ်ရေးရာ၌ လွတ်လပ်မှုရရန် ရှာကြံ ကြိုးပမ်း လျှင်မူ ၎င်းသည် ပြဿနာဖြစ်သည်။ စင်စစ် ဝိညာဉ်ရေးမှီခိုမှု မလွတ်ကင်းနိုင်သည့် ကိုယ့်အဖြစ်ကို ကျွန်ုပ်တို့ လက်ခံရန်၊ အသိအမှတ်ပြုရန် လိုအပ်သည်။ ယေရှုက "ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ ..ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" ဟုမိန့်တော်မူသည် (ယော ၁၅း၅)။

တစ်စုံတစ်ရာကို မိမိအစွမ်းဖြင့် လုပ်နိုင်ဖို့နေနေသာသာ ကျွန်ုပ်တို့ လွတ်ခြင်း အခွင့်ရရန် အသေခံခဲ့သူယေရှု၌ ကျွန်ုပ်တို့အစဉ် ဥဿုံမှီခိုနေရသည်။ နေ့ရက်စဉ်တိုင်း သည် မလွတ်လပ်နိုင်ဘဲ ကျွန်ုပ်တို့အစဉ်မှီခိုရာနေ့ (dependence day)ပင်ဖြစ်၏။

— Bill Crowder

*ကိုယ်တော်ကိုသာ သခင်၊ အစဉ်လိုပါ။ ကိုယ်တော်ရှိမှသာလျှင် စိတ်ငြိမ်းအေးရာ။ ကိုယ်တော်ကိုပင် ယေရှုရှင်၊ ပြစ်ရှိသူကယ်ပိုင်ရာ။ ယခုပင် ကြွတော်မူလျှင်ကယ်တော်မူပါ။*

**ကျွန်ုပ်တို့၏အကြီးမားဆုံးခွန်အားကို တန်ခိုးကြီး၍ ခိုင်ခံ့သောဘုရား၌မှီခိုခြင်းဖြင့် ရရှိသည်။**
~~~~~~~~~~~~~~~

# နှိုးဆော်တော်မူခြင်း

ထာဝရဘုရား နှိုးဆော်တော်မူသောအားဖြင့် (ပေရသိ) ရှင်ဘုရင်သည် အမိန့်တော်စာကို ထုတ်ပြီးလျှင်
ဧဇရမှတ်စာ၊ ၁း ၁-၄...။

၁၈၇၉ ခုနှစ်တွင် ရှေးဟောင်း သုတေသန ပညာရှင်များသည် အီရတ် (ဗာဗုလုန်) နိုင်ငံ၌ ထူးထူးခြားခြား ၉ လက်မ အရှည်ရှိ ကုရုစာလိပ်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုစာလိပ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ က ပေရသိပြည် (ပါးရှား)၏ရှင်ဘုရင် ကုရုမင်းလုပ်ဆောင်ခဲ့သည့်အရာများကို မှတ်တမ်းတင်ထားသည်။ ထိုမင်းသည် လူတစ်စုအားသူတို့၏နေရပ်သို့ ပြန်ခွင့်ပြုခဲ့ပြီး၊ "သန့်ရှင်းသောမြို့များ" ကို ပြန်တည်ဆော

၎င်းသည် ဧဇရမှတ်စာ ၁ - ၌ ပါရှိသော အဖြစ်အပျက်အတိုင်း ဖြစ်သည်။ အမိန့်တော်စာကို ထုတ်ပြန်ရန် "ထာဝရဘုရားသည် ပေရသိရှင်ဘုရင် ကုရုအား နှိုးဆော်" ခဲ့သည်။ (း၁)၊ ထိုအမိန့်တော်၌ ဗာဗုလုန်ရှိ သုံ့ပန်းများကို ယေရုရှလင်သို့ ပြန်ပြီး နေအိမ်ပြန်ဆောက်ရန်၊ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန် ကုရုမင်းက လွှတ်ပေးခဲ့သည်ဟု ပြောထားသည်။ သို့သော် ထိုအဖြစ်အပျက်ထက်မကသော အကြောင်းအရာများရှိသည်။ ဒံယေလက သူနှင့် သူ့လူမျိုး၏အပြစ်ကို ဝန်ခံခဲ့ပြီး ဗာဗုလုန်ပြည်သားတို့၏ ဖမ်းဆီးသိမ်းပိုက်ခြင်းကို အဆုံးသတ်ပေးရန် ဘုရားသခင်ကို တောင်းပန်ခဲ့ပါသည်။ (ဒံ ၉)။ ဒံယေလ၏ ဆုတောင်းချက်ကို တုံ့ပြန်သည့်အနေဖြင့် ဘုရားသခင်သည် ဒံယေလထံ ကောင်းကင်တမန် တစ်ပါးကို စေလွှတ်ခဲ့သည်(း၂၁)။ နောက်ပိုင်းတွင် ဟေဗြဲလူမျိုးများကိုလွှတ်ပေးရန် ကုရုမင်း၏စိတ်ကို ဘုရားသခင်တို့ထိခဲ့သည်။(ယေ၂၅း၁၁-၁၂၊၃၉း၁၀)။

ကုရုစာလိပ်နှင့်သမ္မာကျမ်းစာနှစ်ခုလုံးတွင် ရှင်ဘုရင်၏စိတ်နှလုံး ပြောင်းလဲသွားပြီး ဖမ်းသွားချုပ်နှောင်ခံရသော ဟေဗြဲလူမျိုးတို့အား အိမ်ပြန်ရန်နှင့် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် ခွင့်ပြုခဲ့ ကြောင်းဖော်ပြထားသည်။

ဤအဖြစ်အပျက်သည် ကျွန်ုပ်တို့နှင့်လည်း များစွာပတ်သက်အကျုံးဝင်သည်။

အထိန်းအကွပ်မဲ့နေသော ကမ္ဘာကြီးတွင် ခေါင်းဆောင်များ၏ နှလုံးသားများကို ဘုရားသခင် ပြောင်းလဲနိုင်ကြောင်း စိတ်ချနိုင်ပါသည်။

သုတ္တံ ၂၁း၁ တွင် "ရှင်ဘုရင်၏ စိတ်နှလုံးသည် ချောင်းရေကဲ့သို့ ဖြစ်၍ ထာဝရဘုရား၏ လက်တော်၌ရှိ၏" ဟု ဖော်ပြထားသည်။

ရောမ ၁၃း၁ တွင် "ဘုရားသခင်၏ အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ" ဟုပြောထားသည်။ ကျွန်ုပ်တို့၏နှလုံးသားများနှင့်ခေါင်းဆောင်များ၏နှလုံးသားကို ပြောင်းလဲစေနိုင်သော ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်း စိတ်ချနိုင်သည်။ ဘုရားရှင် အလုပ်လုပ်ရန် ဆုတောင်းကြပါစို့။

*ချစ်တော်မူသော အဘဘုရား၊*

*ဤကမ္ဘာကြီးသည် ပရမ်းပတာအထိန်းအကွပ်မဲ့ပုံ ပေါ်နေလည်း ကိုယ်တော်သည် အချုပ်အခြာနှင့်အရာခပ်သိမ်းကို အစိုးရပါ၏။ ကျွန်ုပ်တို့၏တိုင်းပြည်နှင့် ခေါင်းဆောင်များ၏နှလုံးသားတွင် ကိုယ်တော် ရှင်ဘုရား၏ အလိုတော် ပြည့်စုံစေတော်မူပါ။ ထိန်းချုပ်တော်မူပါ .. ..ဘုရား။ အာမင်း။*

# မဟာစေခိုင်းချက်

ရှင်မဿဲခရစ်ဝင်၊ ၂၈း၁၆–၂၀။ ရှင်မာကုခရစ်ဝင်၊၁၆း၁၅–၂၀

ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊

- ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။
- သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။
- ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။

ငါသည်လည်း ကပ်ကမ္ဘာကုန်သည် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့ သွား၍၊

❖ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။
❖ယုံကြည်၍ ဗတ္တိဇံ ကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။
❖မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။
❖ယုံကြည်သော သူတို့၌ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊
❖ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတံ့။
❖ထူးခြား သောဘာသာစကားမျိုးတို့ကို ပြောကြလတံ့။
❖မြွေတို့ကိုဘမ်းကိုင်ကြလတံ့။
❖သေစေတတ်သောအဆိပ် အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတံ့။
❖မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြလတံ့ဟု မိန့်တော်မူ၏။

ထိုသို့သခင်ဘုရားသည် တပည့်တော်တို့အား မိန့်တော်မူ ပြီးမှ၊ ကောင်းကင်ဘုံသို့ ဆောင်ယူခြင်း ကိုခံတော်မူ၍ ဘုရားသခင်၏လက်ျာတော်ဘက်၌ ထိုင်နေတော်မူ၏။

တပည့်တော်တို့သည်လည်း ထွက်သွား၍၊ သခင်ဘုရားသည် မစတော်မူသည်နှင့်၎င်း၊ သူတို့၌ဖြစ်သောနိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်စေတော်မူသည်နှင့် ၎င်း၊ ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# *Baptist missionary*



*Adoniram Judson*

***Adoniram Judson, Jr. (August 9, 1788 – April 12, 1850) was an American Congregationalist and later Baptist missionary, who served in Burma for almost forty years. At the age of 25, Adoniram Judson became the first Caucasian Protestant missionary sent from North America to preach in Burma.***

## *"I Will Not Leave Burma Until The Cross Is Planted!"*

*Adoniram Judson was born August 9, 1788 in Malden, Massachusetts. Despite his father being a Congregational minister, Judson was not saved until he was 20 years old. While studying at Brown University, he was greatly influenced by the Deistic beliefs of Jacob Eames, a close friend.*

*Despite his father being a Congregational minister, Judson was not saved until he was 20 years old. While studying at Brown University, he was greatly influenced by the Deistic beliefs of Jacob Eames, a close friend.* *Incredibly, the friend to swayed him away from Jesus also played a large role in Judson's conversion to Christ. He had announced to his parents that he had rejected Christianity and was leaving for New York to become a playwright. One night he was staying at an inn and was adjacent to the room of a dying man. All night he found himself plagued with wondering if the man was prepared to die or where he would spend eternity. The next morning Judson asked about the identity of the man who died that night. Judson was taken aback in realizing that the man was Jacob Eames, his unbelieving friend who had destroyed Judson's faith. With the realization that he was as lost as his now dead friend, Judson overcame his reservations and dedicated his life to the Lord.*

*In 1808, Judson started attending Andover Theological Seminary, where he became burdened to become a missionary. In 1810, he helped form the American Board of Commissioners for Foreign Missions, and then two years later, he and his new bride of seven days, Ann, sailed for India. When the Indian government refused to allow the Judson's to enter the country, they went to Rangoon, Burma. There was not one known Christian among the millions of Burmese people.*

*After six years, the Judson's saw their first convert baptized. Judson wrote in his journal, "Oh, may it prove to be the beginning of a series of baptisms in the Burmese empire which shall continue in uninterrupted success to the end of the age." In the first six years, Judson published tracts, translated the gospel of Matthew and the book of Ephesians, preached publicly, and labored among the Burmese people. Judson decided to contextualize the gospel when he decided to build a Zayat, a Buddhist-style meditation room, on the main street where he could hold meetings and teach passersby in a way that was not foreign to the people. This helped break down barriers between he and his hearers. This is what eventually led to their first convert.*

*In 1824, the Judson's moved to Ava. When the war between the English and the Burmese started, Judson was imprisoned for two years at Ava for being a British spy. While in prison, Judson continued his Bible translation by hiding the manuscripts in a pillow his wife smuggled into him. His perseverance is recorded in his prayer while imprisoned, "Lord, let me finish my work. Spare me long enough to put Thy saving Word into the hands of a perishing people." It was the faithfulness and persistence of his wife that kept him from starvation. Bribing the jailer, she would creep to the door of Judson's cell, bringing food and whispering words of hope and consolation. Not long after he was released from prison, Ann died from spotted fever. She was just shy of 37 years of age. In his marriage to Ann, they had three children die. The third one died three months after Ann.*

*After recovering from Ann's death, Judson continued to translate the Burmese Bible. In 1828, he moved to Moulmein where he and his colleague George Boardman were instrumental in the conversion of a member of the Karen People, Ko Tha Byu, who is the virtual founder of Karen Christianity. Ko Tha Byu's ministry resulted in the conversion of thousands. Within 25 years, there were 11,878 baptized Karen believers.*

*On April 12, 1850, Judson died. Judson had spent thirty-eight years in Burma (minus a few months when he returned to America after thirty-four years in Burma). Adoniram Judson will be remembered for his role in the establishment of U.S. missions, the translation of the complete Burmese Bible, and his pioneering work among the Burmese people. As a young man he had cried out, "I will not leave Burma until the cross is planted here forever." Thirty years after his death, Burma had sixty-three Christian churches, one hundred and sixty-three missionaries, and over seven thousand baptized converts. Two hundred years later, on the anniversary of his death, there were more than 200,000 Burma Christians.*

# *Inspirational Christian*
# *Dr. David Livingstone*



***Dr. David Livingstone***

***"A Privilege Not A Sacrifice"***

*Livingstone is best known for his accomplishments as an explorer as he was the first man to map Africa and the first European to discover many areas of Africa. What is less known of Livingstone is the immense suffering he endured in order to reach Africa with the gospel of Christ.*

*Besides living in Scotland, David Livingstone was a man on track to successfully accomplish the "American dream", only something went horribly wrong. Born in 1813 and raised in a humble Scottish home, Livingstone set his heart on achieving success by becoming a medical doctor. He supported himself through college and was accepted to medical school in London. Livingstone graduated with honors but not before his life goals would be rearranged by the words of one Dr. Robert Moffat.*

*While a student in London, Livingstone had the opportunity to hear a message presented by a missionary doctor from Africa named Moffat. Moffat reported,*

*"I have sometimes seen, in the morning sun, the smoke of a thousand villages, where no missionary has ever been."*

*These words burned in Livingstone's heart ultimately compelling him to give up his small ambitions in order to join Dr. Moffat as a missionary in Africa. David Livingstone lived the next 30 years of his life as a missionary and explorer in Africa. He traveled over 29,000 miles preaching the gospel, providing medical services, building churches, and mapping the vast African continent.*

*Livingstone is best known for his accomplishments as an explorer as he was the first man to map Africa and the first European to discover many areas of Africa. What is less known of Livingstone is the immense suffering he endured in order to reach Africa with the gospel of Christ.* *He was once attacked by a lion on the mission field crushing his shoulder to the point that its mobility would be hindered for the rest of his life. Livingstone married and deeply loved Mary Moffat (the daughter of Dr. Moffat), but because of the difficulty of travel and various sicknesses he would spend more than half of his 18 years of marriage separate from his wife. The couple lost a child to sickness on the mission field, and later Livingstone also lost his beloved wife to sickness on the mission field as well. During his time in Africa Livingstone once went 3 years with no correspondence from his family because the letters were unable to get to him.*

*After all of this here is what Livingston had to say about the price he paid to live as a missionary in Africa.*

*"People talk of the sacrifice I have made in spending so much time in Africa. Can that be called a sacrifice which is simply paying back a small part of a great debt owing to our God which we can never repay? Away with the word in such a view and with such a thought. It is emphatically no sacrifice. Say rather it is a privilege." (written in David's journal late in life)*

*David Livingston lost his wife, a child, his health, and gave up a comfortable future living out what we know as the "American dream." Instead he eked out an existence in the bush of Africa for 30 years. After all that suffering Livingstone says it was a privilege, not a sacrifice. Why? By the grace of God David Livingstone bought into a dream far bigger than himself and a comfortable life. Livingstone lived to participate with God in the greatest of possible adventures. He gave his life for the glory of God among the people of Africa.*



*Statue of Dr. David Livingstone*

# ထာဝရဘုရားသခင် အလိုတော်ရှိသောအရာ

မိက္ခာအနာဂတ္တိကျမ်း၊၆း၆–၈

ငါသည် ... ထာဝရဘုရား ရှေ့တော်သို့ အဘယ်ပူဇော်သက္ကာ ပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရားသခင် ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။

- မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသငယ်တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။
- ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ်တသောင်းကို အားရနှစ်သက်တော်မူမည်လော။
- ငါ့လွန်ကျူးခြင်းအတွက် ငါ၏သားဦးကိုဇင်း၊ ငါ့စိတ်ဝိညာဉ်၏အပြစ်အတွက် ငါ၏ရင်သွေးကိုဇင်း ပူဇော်ရမည်လော။

အချင်းလူ ... ၊

ကောင်းသောလမ်းကို ပြတော်မူပြီ။

- တရားသဖြင့်ပြုခြင်း၊
- ကရုဏာကိုနှစ်သက်ခြင်း၊
- သင်၏ဘုရားသခင် ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်း

မှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရား တောင်းတော်မူသနည်း။




John Ma

## ဝန်ချတောင်းပန်ပါ

လူတစ်ယောက်ဟာ ပန်းကလေးလိုပါဘဲ။ ပန်းပွင့်တွေမှာ အရောင်အဆင်း အနံ့အရသာ ရှိသလို၊ လူသားမှာလည်း အရည်အချင်း ခံစားချက်နဲ့ ပျော်ရွှင်ခြင်းကို မဆုံးရှုံးဖို့၊ သင်၌ရှိသောအပြစ်ကို ဝန်ချတောင်းပန်ပါ။

ဘဝအသက်တာတစ်ခုလုံးကိုဖျက်ဆီးပစ်နိုင်သောအရာ(၃)မျိုးရှိပါသည်။

၁။ ဒေါသထွက်စိတ်ဆိုးခြင်း။
၂။ မာန်မာနထောင်လွှားခြင်း။
၃။ ခွင့်မလွှတ်ရန်ညှိုးဖွဲ့ခြင်း။ ... တို့ဖြစ်ပါသည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## ဆုံမစာ / သုတ္တံစကား

ကျောက်နှင့် သဲသည်လေး၏။
မိုက်သောသူ၏ ဒေါသသည် ထိုနှစ်ပါးထက်သာ၍ လေး၏။
မာနသည် ကြမ်းကြုတ်သော သဘောရှိ၏။
ဒေါသသည် ပြင်းထန်တတ်၏။
ငြူစူသောစိတ်ကိုကား၊ အဘယ်သူဆီး၍ ခံနိုင်သနည်း။
(သုတ္တံ၊၇း၃–၄)

ဥာဏ်တိမ်သောသူသည် သူတပါးပြောသမျှကို ယုံတတ်၏။
ပညာသတိရှိသော သူမူကား၊ မိမိသွားရာလမ်းကို စေ့စေ့ကြည့်ရှုတတ်၏။
ပညာရှိသောသူသည် ကြောက်၍ ဒုစရိုက်ကို ရှောင်တတ်၏။
မိုက်သောသူမူကား၊ မာနကြီး၍ ရဲရင့်တတ်၏။
(သုတ္တံ၊၁၄း၁၅–၁၆)

ပညာရှိသောသူလိုက်ရာ အသက်လမ်းသည်
အောက်အရပ်၊ မရဏာနိုင်ငံမှ လွှဲရှောင်၍
အထက်သို့ ပို့ဆောင်တတ်၏။
(သုတ္တံ၊၁၅း၂၄)

ဖြောင့်မတ်သောသူတို့သည် ပြည်တော်၌နေ၍၊
စုံလင်သောသူတို့သည် နေရာကျကြလိမ့်မည်။
အဓမ္မလူတို့မူကား၊ပြည်တော်မှ ပယ်ရှင်းခြင်း၊
လွန်ကျူးသော သူတို့သည် နှုတ်ပစ်ခြင်းကို ခံရကြလိမ့်မည်။
(သုတ္တံ၊၂း၂၁–၂၂)

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~